## စင်ကာပူအိတ်ချိန်း (Singapore Exchange – SGX) က စာရင်းဝင်ကုမ္ပဏီများ၏ သုံးလပတ်အစီရင်ခံစာတင်သွင်းရန် လိုအပ်ချက်ကို ဖြေလျှော့

စျေးကွက်ရှယ်ယာတန်ဖိုး စင်ကာပူဒေါ်လာ ၇၅ သန်းအထက်ရှိသော စင်ကာပူအိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများသည် (၃)လတစ်ကြိမ် အစီအရင်ခံစာကို ၇ - ၂ - ၂၀၂၀ ရက်နေ့မှစ၍ တင်သွင်းရန် လိုအပ်တော့မည်မဟုတ်ကြောင်း စင်ကာပူအိတ်ချိန်းအာဏာပိုင် (Singapore Exchange Regulation) က ၉ - ၁ -၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၀၃ ခုနှစ်တွင် စျေးကွက်ရှယ်ယာတန်ဖိုး စင်ကာပူဒေါ်လာ ၂၀ သန်းအထက်ရှိသော စင်ကာပူအိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများအား သုံးလပတ်အစီရင်ခံတင်သွင်းရန်လိုအပ်သောစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၇၅ သန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့သည့်အတွက် စင်ကာပူအိတ်ချိန်း စာရင်းဝင်ကုမ္ပဏီပေါင်း ၈၅၀ အနက် ၆၀၀ ခန့် (၇၀ ရာခိုင်နှုန်းခန့်) သည် (၃)လတစ်ကြိမ် အစီရင်ခံစာကို တင်သွင်းရကြောင်း၊ ယခု ဖြေလျှော့ပေးသောအစီအမံအရ စာရင်းစစ်သုံးသပ်ချက် ကောင်းမွန်မှုမရှိသော၊ ငွေရေးကြေးရေးနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှုအပိုင်းတို့တွင် အားနည်းချက်ရှိသော ကုမ္ပဏီများသာ သုံးလတစ်ကြိမ် အစီရင်ခံတင်ပြရမည်ဖြစ်ပြီး၊ ကျန်ကမ္ပဏီများမှာ (၆)လပတ် အစီရင်ခံစာကိုသာ ပေးပို့ရန် လိုအပ်မည်ဖြစ်သောကြောင့် လုပ်ငန်းများ၏ အချိန်နှင့်ငွေကုန်ကျမှု သက်သာသွားမည်ဖြစ်ကြောင်း၊ အီးယူနှင့် ဗြိတိန်တို့တွင်လည်း ကုမ္ပဏီများ၏ အချိန်နှင့်ငွေ သက်သာစေရန်အတွက် သုံးလပတ် အစီရင်ခံစာတင်ပြရခြင်းမှ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း စင်ကာပူအိတ်ချိန်း အာဏာပိုင်က ပြောကြားပါသည်။

သတင်းရင်းမြစ် ။ ။ The Business Times/ The Straits Times